လှအောင်ချောင်ကျေးရွာ

ရုံးပင်ကျေးရွာအုပ်စု၊ ကျောင်းကုန်းမြို့နယ်

ရောဝတီတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျောင်းကုန်းမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

လ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး


(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ


နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ


ကျောင်းကုန်းမြို့နယ်၊ ရုံးပခင်းအုပ်စု
လှအောင်ချောင်ကျေးရွာ၏ သဘာဝသယံဇာတမြေပုံ
N
အညွှန်း
- ကိုယ်ထူကိုယ်ထည် ကျောက်ဆစ်ကျောင်း
- အာဇာယ်တော်များ ကျောင်း
- စာသင်ကျောင်းတိုက်
- အတွေ့အကြုံအုပ် ချယ်ရေးမှူး ရုံး
- ဘုန်းကြီး ကျောင်း
- ဆိတ်တာ
- ကစ်ကောင်
- အိမ်
- လယ်ကွင်း
- ချောင်း
- ကြောင်း
- ဥစ္စာဝတ္ထုသစ်ပင်
- ရေတွင်း
ရေတွေ့ - ဦးဟစ်မင်းကွန်း
(14-6-2018)

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
လှအောင်ချောင်ကျေးရွာ

Venn Diagram



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
လှအောင်ချောင်ကျေးရွာ

ရာသီခွင်ပြ ပြက္ခဒိန်

အဖြစ်အပျက်	ဇန်	ဖေ	မတ်	ဧပြီ	မေ	ဇွန်	ဇူလိုင်	သြဂုတ်	စက်	အောက်	နို	ဒီ
ရာသီဥတု	အလွန်အေး	နေပူပြင်း	နေပူပြင်း	နေပူပြင်း	နေပူပြင်း	မိုးနည်း	မိုးများ	မိုးများ	မိုးနည်း	အအေးနည်း	အလွန်အေး	အလွန်အေး
အလုပ်အကိုင်	များ	များ	များ	များ	များ	များ	သင့်	နည်း	နည်း	သင့်	များ	များ
လက်လုပ်လက်စားမိသားစု များ ဝင်ငွေရရှိမှု (မရှိ/နည်း/များ)	နည်း	နည်း	များ	များ	များ	နည်း	များ	များ	များ	များ	များ	နည်း
အသုံးစရိတ်	များ	များ	များ	နည်း	နည်း	နည်း	နည်း	နည်း	များ	များ	များ	များ
ချေးငွေ လိုအပ်မှု	မရှိ	မရှိ	မရှိ	မရှိ	မရှိ	ရှိ	ရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ
ဝမ်းစာ ဖူလုံမှု	များ	များ	များ	သင့်	သင့်	သင့်	သင့်	နည်း	သင့်	သင့်	များ	များ
သောက်သုံးရေ ရရှိမှု	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်
တိရစ္ဆာန်အစာ ရရှိမှု	နည်း	နည်း	နည်း	နည်း	နည်း	များ	များ	များ	များ	များ	များ	နည်း
တိရစ္ဆာန်ရောဂါ ကျရောက်မှု	မရှိ	မရှိ	များ	များ	မရှိ	နည်း	နည်း	မရှိ	မရှိ	နည်း	နည်း	နည်း
ကျန်းမာရေး အခြေအနေ	နည်း	နည်း	နည်း	နည်း	နည်း	များ	များ	နည်း	နည်း	နည်း	နည်း	နည်း
သီးနှံပိုးမွှားရောဂါ ကျရောက်မှု	များ	များ	များ	များ	များ	မရှိ	မရှိ	နည်း	များ	များ	မရှိ	မရှိ
ပွဲတော်	များ	များ	များ	များ	များ	မရှိ	မရှိ	မရှိ	မရှိ	များ	များ	များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
လှအောင်ချောင်ကျေးရွာ

သဘာဝဘေးအန္တရာယ်	-	-	-	-	-	ရေကြီး	ရေကြီး	ရေကြီး	ရေကြီး	-	-	-

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

၁။ တည်နေရာနှင့် ပထဝီအနေအထား

လှအောင်ချောင်ကျေးရွာသည် ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ် ရုံးပင်ကျေးရွာအုပ်စု၊ ကျောင်းကုန်းမြို့နယ်၏ အရှေ့မြောက်ဘက် တွင်တည်ရှိသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ဒေါင့်ကြီးကျေးရွာ ရှိပါသည်။ကျေးရွာ၏ တောင်ဘက်တွင် ဒါးက-အိမ်မဲကားလမ်း ရှိပြီး အနောက်ဘက်တွင် ရန်ကုန်-ပုသိမ်ကားလမ်းနှင့် ဒါးကမြို့ ရှိပါသည်။ ကျေးရွာ၏ မြောက်ဘက်တွင် တောကျောင်းကျေးရွာနှင့် ဆက်သွယ်ထားသော ရွာချင်းဆက်လမ်းရှိပြီး တောင်ဘက်တွင် အိမ်မဲမြို့နယ်ပိုင် သဲကုန်းကျေးရွာသို့ ဆက်သွယ်ထားသော လမ်းရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၈၀)ခန့် ဖြစ်ပြီးနှစ်စဉ်ပျှမ်းမျှ နေပူချိန်(၃၂·C) ဖြစ်ပါသည်။ ကျေးရွာတွင် ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလများတွင် နေပူရှိန် ပူပြင်း၍ ဇွန်၊ ဇူလိုင်၊ သြဂုတ်လများတွင် မိုးများသောကြောင့် ရေကြီးလေ့ရှိပါသည်။ ရေကြီးသောကြောင့် ကျေးရွာရှိ တောင်သူလယ်သမား တစ်ချို့မှာ သီးနှံစိုက်ခင်းများ ပျက်စီးလေ့ ရှိပါသည်။ လယ်ယာမြေများမှ မြေဆီသြဇာအခြေအနေမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ်ဧကပေါင်း(၁၀၃၀.၃၀)ရှိပြီး တစ်ချို့သော တောင်သူများမှာ တစ်ပိုင်တစ်နိုင်ရာသီပေါ်သီးနှံများ စိုက်ပျိုးကြသော ဥယျာဉ် ခြံမြေများ ပိုင်ဆိုင်ကြပါသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သော သာရေးနာရေးလုပ်ငန်း ကိစ္စများတွင် ပိုင်းဝန်ဆောင်ရွက်ကြသော ပရဟိတအဖွဲ့၊ ဘာသာရေးဆိုင်ရာအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့တို့မှာ ဆောင်ရွက်မှု အားကောင်းကြောင်းတွေ့ရှိရပါသည်။ ပညာရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ကျောင်းကော်မတီအဖွဲ့ ကိုလည်း ဖွဲ့စည်းထားပါသည်။ ကျေးရွာလူငယ် မီးသတ်အဖွဲ့သည် နွေရာသီ မီးဘေးကြိုတင်ကာကွယ်ရေး အတွက် ဆောင်ရွက်ပါသည်။ ကျေးရွာတွင် သာရေး နာရေး လူမှုရေး ကိစ္စကြီးငယ်ပေါ်ပေါက်လျင် ရွာသားများ စည်းလုံးညီညွတ်စွာ ပိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများ ရှိပါသည်။ ပြင်ပအဖွဲ့အစည်း အနေဖြင့် (Pact Myanmar) အဖွဲ့အစည်း ရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးခြင်း ဖြစ်ပြီး အဓိကစိုက်ပျိုး သီးနှံများမှာ စပါး၊ မတ်ပဲနှင့်ပဲတီစိမ်းတို့ ဖြစ်ပါသည်။ စိုက်ဧကအများစုမှာ မိုးရေကိုသာ အဓိက အသုံးပြုစိုက်ပျိုးကြ၍ နွေရာသီတွင် ချောင်းမြောင်းနှင့်နီးသော လယ်ယာမြေဧကအချို့မှာ

ချောင်းရေကိုအသုံးပြု၍ နွေစပါး စိုက်ပျိုးကြပါသည်။ နွေရာသီတွင် မတ်ပဲ၊ပဲတီစိမ်း၊မြေပဲများ စိုက်ပျိုးကြပါသည်။ နှစ်စဉ် ကျေးရွာမှ မိုးစပါး တစ်ဧက ပျှမ်းမျှတင်း(၆၀)၊ ဆောင်းရာသီတွက် စိုက်ပျိုးသော မတ်ပဲ၊ ပဲတီစိမ်း၊ မြေပဲတို့မှာ တစ်ဧက ပျှမ်းမျှ (၁၀)တင်းနှုန်းသာ ထွက်ရှိပါသည်။ နွေစပါးစိုက်ပျိုးသော တောင်သူတစ်ချို့၏ တစ်ဧကထွက်နှုန်းမှာ တင်း(၁၀၀)ခန့် ဖြစ်ပါသည်။ ယာသီးနှံအဖြစ် ဆန္ဒင်း၊ ငှက်ပျော၊ ငရုတ်ပင်များလဲ စိုက်ပျိုးကြပါသည်။ ဝယ်လိုအား ချိတ်ဆက်မှုကောင်းလျှင် ကျေးရွာရှိတောင်သူများစိုက်ပျိုးထားသော သီးနှံများ ဈေးကောင်းရ၍ စီးပွားရေးဝင်ငွေမှာ အလွန်ကောင်းမွန်လာမည်ဖြစ်ပါသည်။

ကျေးရွာရှိအမျိုးသမီးအများစုသည် အခြားဝင်ငွေရလုပ်ငန်း အနေဖြင့် တစ်ပိုင်တစ်နိုင် ကြက်၊ ဝက်၊ ဘဲများ မွေးမြူကြပါသည်။ ရာသီအလိုက် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စုများလည်း ရှိကြပါသည်။ တစ်ချို့သောအမျိုးသမီးများသည် ခေါင်းရွက်ဗျက်ထိုး ဈေးရောင်းခြင်း၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်ခြင်းနှင့် ကုန်စုံရောင်းသောလုပ်ငန်းများလည်း လုပ်ကိုင်ကြပါသည်။ အစိုးရဝန်ထမ်းအချို့နှင့် အသေးစားဝပ်ရှော့ လုပ်ငန်းများ လုပ်ကိုင်သူများ လည်းရှိကြပါသည်။ တစ်ချို့သော အိမ်ထောင်စုများမှာ ရန်ကုန်မြို့၊ မန္တလေး မြို့ကြီးများသို့ ရွှေ့ပြောင်းသွားရောက်လုပ်ကိုင်နေသူများလည်းရှိကြပါသည်။

(၈) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင် အလယ်တန်းကျောင်းတစ်ကျောင်းရှိပြီး ကျေးရွာရှိ ကျောင်းသား၊ ကျောင်းသူများ သာမက အနီးပတ်ဝန်းကျင်မှ ကျောင်းသား၊ ကျောင်းသူများလည်း လာရောက် ပညာသင်ကြား ကြပါသည်။ အလယ်တန်းကျောင်းတွင် ကျောင်းဆောင်(၃)ဆောင် ရှိပြီး အလျား ပေ(၁၂၀)၊ အနံ ပေ(၃၀) တစ်ဆောင်၊ အလျား ပေ(၉၀)၊ အနံပေ(၃၀) တစ်ဆောင်နှင့် အလျားပေ(၃၀)၊ အနံပေ(၃၀)တစ်ဆောင် ရှိပါသည်။ ကျေးရွာတွင် ပညာအမွေကို လက်ဆင့်ကမ်း သင်ကြားပေးနေသော ဆရာ/မ (၉)ယောက်ရှိပြီး ဆရာ/မ အင်အား မလုံလောက်သောကြောင့် ကျေးရွာရှိတက္ကသိုလ်ကျောင်းသား/သူ(၄)ယောက်ကို ငှား၍ သင်ကြားပေး နေပါသည်။ အဝေးမှ တာဝန်ကျသော ဆရာ/မ များနေထိုင်ရန် ဝန်ထမ်းအိမ်ယာများ မရှိသေးပါ။ ကျောင်းဝန်းအတွင်းတွင် ကျန်းမာရေးနှင့်အညီ စနစ်တကျဆောက်လုပ်ပေးထားသော အိမ်သာများ ရှိပါသည်။ ကျေးရွာသားများအားလုံးသည် သောက်သုံးရေအတွက် အဝီစိတွင်းရေကိုသာ အဓိကထား အသုံးပြုကြပါသည်။

ကျေးရွာတွင် ကိုယ်ထူကိုယ်ထ လုပ်ထားသော ကျောက်ချောလမ်း၊ စာကြည့်တိုက်နှင့် အထွေထွေအုပ်ချုပ်ရေးမှူးရုံးတို့ ရှိပါသည်။ ကျေးရွာမီးလင်းရေးအနေဖြင့် အစိုးရမှ ထောက်ပံ့ ပေးထားသော ဆိုလာမီးကိုသာ အများစုအသုံးပြုကြရပါသည်။ ကျေးရွာတွင် လျှပ်စစ်မီး မရရှိသေးပါ။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်း မရှိသေးပါ။

တခါတရံအရေးပေါ်ကျန်းမာရေးအတွက် ဒေါင့်ကြီး တိုက်နယ်ဆေးရုံသို့ သွားရောက်ဆေးကုသမှု ခံယူရပါသည်။

ကျေးရွာတွင် ဆက်သွယ်ရေး ဖုန်းလိုင်းများ၊ အင်တာနက်လိုင်းများ အသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာရှိပြည်သူများသည် အင်တာနက်ဖြင့် ချိတ်ဆက်ပြီး သတင်း အချက်အလက်များကို ဖတ်ရှု သိရှိရသဖြင့် ပြင်ပအသိပညာ ဗဟုသုတများစွာရရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးရေး ဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ကောလျင်(၁၅၀၀၀၀) ကျပ်နှုန်းဖြင့် ငွေ ထုတ်ချေးပါသည်။ ပုဂ္ဂလိကငွေစုငွေချေးအဖွဲ့အစည်းအနေဖြင့် Pact Myanmar အဖွဲ့မှ ကျေးရွာသူ/သားများ အား ငွေထုတ်ချေးပေးနေပါသည်။

(င) ပညာရေး

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိပါသည်။ မူလတန်း ကျောင်းသား/သူပေါင်း (၈၃)ယောက်၊ အလယ်တန်းကျောင်းသား/သူပေါင်း (၄၆)ယောက်၊ အထက်တန်းကျောင်းသား/သူပေါင်း (၂၄)ယောက်နှင့် ဘွဲ့ရ(၁၀)ယောက်ရှိပါသည်။ ကျေးရွာတွင် အလယ်တန်းကျောင်းရှိနေခြင်းကြောင့် ရွာထဲရှိပညာသင်ယူနေသော ကျောင်းသား/သူများမှာ အလွန်အဆင်ပြေပါသည်။

(စ) ကျန်းမာရေး

ကျေးရွာ၏ ကျန်းမာရေးအခြေအနေမှာ တခါတရံ ရာသီဥတုအပြောင်းအလဲကြောင့် ရာသီ ဖျားနာခြင်းများ ဖြစ်လေ့ရှိပါသည်။ ကျေးရွာရှိကလေးသူငယ်များကို ကျန်းမာရေးဌာနမှ တာဝန်ရှိ ဆရာမများက အသက်အလိုက် သက်ဆိုင်ရာကာကွယ်ဆေးများ ထိုးပေးပါသည်။ တခါတရံ မိုးရာသီတွင် သွေးလွန်တုတ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါများကို နီးစပ်ရာ ဆေးရုံ၊ ဆေးပေးခန်း များသို့ သွားရောက်၍ ဆေးကုသမှု ခံယူရပါသည်။ ကျေးရွာရှိကလေးများမှာ အာဟာရချို့တဲ့မှုမရှိပါ။ အများစုမှာ ကျန်းမာသန်စွမ်းကြပါသည်။ ကျေးရွာရှိ ကုန်စုံဆိုင်များတွင် ခေါင်းကိုက်၊ ဖျားနာခြင်းများအတွက် အကိုက်အခဲပျောက်ဆေးများ အလွယ်တကူရရှိနိုင်ပါသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် နှစ်စဉ်မိုးများသောကြောင့် ရေကြီးနှစ်မြှပ်မှုများ ဖြစ်ပေါ်ပါသည်။ ရေလွှမ်းမိုးသဖြင့် ကျေးရွာရှိ လယ်မြေသီးနှံပင်များ ပျက်စီးဆုံးရှုံးမှုများ ရှိပါသည်။ တခါတရံ လေပြင်းတိုက်ခတ်မှုများ ရှိပါသည်။ ကျေးရွာရှိ တောင်သူများသည် စိုက်ပျိုးမြေများကို ပိုးသတ်ဆေး၊ ဓါတ်မြေဩဇာများ အလွန်အကျွံ သုံးစွဲခြင်းကြောင့် လယ်ယာမြေများမှာ

မြေဆီလွှာများပျက်စီးရပါသည်။ ကျေးရွာသူ/သားများသည် ဘူးခွံ၊ အိတ်၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်တတ်သောအလေ့အထမရှိသောကြောင့် သဘာဝပတ်ဝန်းကျင် ညစ်နွမ်းရခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ပြုလုပ်ပေးခြင်းကြောင့် ကျေးရွာရှိပြည်သူလူထုသည် အသိပညာဗဟုသုတများ ပြီးပြည့်စုံပြီး ဖွံ့ဖြိုး တိုးတက်သော ကျေးရွာတစ်ရွာ ဖြစ်လာမည် ဖြစ်ပါသည်။

(၉) ကျား – မ ရေးရာ

ကျေးရွာတွင် ကျား/မ ရေးရာနှင့် ပက်သက်၍ တန်းတူအခွင့်အရေးရှိပါသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ ကောက်စိုက်ခြင်းများလုပ်ကိုင်ကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက်လုပ်အားခပိုမိုရရှိကြသည်။ မူလတန်း ကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျား/မတန်းတူအခွင့်အရေး ရှိပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦ	ရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်းစီမံချက်	၁
၂	အခြေခံအဆောက်အဦ	ရွာချင်းဆက်လမ်းအဆင့်မြှင့်တင်ရေးစီမံချက်	၂
၃	အခြေခံအဆောက်အဦ	တံတားအဆင့်မြှင့်တင်ရေးစီမံချက်	၃
၄	အခြေခံအဆောက်အဦ	ကျေးရွာမီးလင်းရေးစီမံချက်	၄
၅	ပညာရေး	ဆရာ/မများလုံလောက်စွာခန့်အပ်နိုင်ရေး တင်ပြချက်	၅
၆	စိုက်ပျိုးရေး	ရေနုတ်ရိုးမြောင်းပြန်လည်တူးဖော်နိုင်ရေး စီမံချက်	၆
၇	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဌာနခွဲရရှိရေးစီမံချက်	၇

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
လှအောင်ချောင်ကျေးရွာ

ဖွံ့ဖြိုးရေးဗျူဟာ ဇယား

ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည်. အရင်းအနှီးများ/အခြေအနေ ကောင်းများ	ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
ကဏ္ဍ – သီးနှံ					
• ရေလွှမ်းမိုးမှု ကြောင့်သီးနှံစိုက် ခင်းများပျက်စီး ခြင်း	• ရေနုတ်ရိုးမြောင်း ကောနေခြင်း	• ဆည်မြောင်းဦးစီး ဌာနရှိနေခြင်း	•	• ကျေးရွာတွင် ကော်မတီအဖွဲ့ ဖွဲ့စည်း၍ သက်ဆိုင်ရာ ဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း	• ရေနုတ်ရိုးမြောင်းပြန် လည်တူးဖော်ရေး စီမံချက်
ကဏ္ဍ – အခြေခံအဆောက်အဦ					
• ကျေးရွာနှစ်ရွာခြား တွင် ရေမြောင်းရှိနေ ခြင်းကြောင့် လမ်းပန်း ဆက်သွယ်ရေး မလွယ်ကူ၊ သယ်ယူ ပို့ဆောင် ရေးမလွယ်ကူ	• ဆက်သွယ်ရေး တံတားမှ ဝါးတံ တား ဖြစ်နေခြင်း ကြောင့်	• ကျေးရွာမှ လုပ်အား ဒါန ကူညီပေးနိုင် ခြင်း၊ ကျောက်၊သဲ၊ ဘိလပ်မြေစသည့် ကုန်ကြမ်းပစ္စည်း ဝယ်ယူရန် နီးခြင်း	• ကျေးရွာမှ ငွေကြေး မတတ်နိုင်ခြင်း၊ ကျေး ရွာမှ သက်ဆိုင်ရာဦး စီးဌာနသို့ ထိရောက်စွာ တင်ပြမှု မရှိခြင်း	• ကျေးရွာမှ တံတားဖြစ် မြောက်ရေးကော်မတီ အဖွဲ့ ဖွဲ့စည်း၍ သက်ဆိုင်ရာဦး စီးဌာနသို့ တင်ပြခြင်း	• တံတားအဆင့်မြှင့် တင်ရေးစီမံချက်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
လှအောင်ချောင်ကျေးရွာ

ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည်. အရင်းအနှီးများ/အခြေအနေ ကောင်းများ	ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
• မိုးရာသီတွင် ရွာချင်း ဆက်လမ်းသွားလာ ရန် ခက်ခဲခြင်း	• မြေသာလမ်းဖြစ်၍ မိုးရာသီတွင်ရွံ့ပွက် ထူခြင်းကြောင့်	• ကျေးရွာမှ လုပ်အား ဒါန ကျူညီပေးနိုင် ခြင်း၊ လမ်းခင်းရန် ကုန်ကြမ်းပစ္စည်း ဝယ်ယူရန် နီးခြင်း	• ကျေးရွာမှ ငွေကြေးမ တတ်နိုင်ခြင်း၊ ရွာချင်း ဆက်လမ်းအဆင့် မြှင့်တင်ရေးစီမံချက် ရေးဆွဲဆောင်ရွက်မှု မရှိခြင်း	• ရွာချင်းဆက်လမ်း အဆင့် မြှင့်တင်ရေး စီမံချက် ရေး ဆွဲဆောင်ရွက်ခြင်း၊ ပြင်ပ အကူအညီရှာဖွေခြင်း၊ ကျေးရွာမှ ငွေအားစု ဆောင်းခြင်း	• ရွာချင်းဆက်လမ်း အဆင့်မြှင့်တင်ရေး စီမံချက်

• လျှပ်စစ်မီး မရရှိခြင်း	• ငွေကြေးမတတ် နိုင်ခြင်း	• မဟာဓါတ်အားလိုင်း နှင့်နီးခြင်း၊ ကျေးရွာ မှလုပ်အား၊ ငွေအား တက်အားသရွေ့ ကူညီနိုင်ခြင်း	•	• ကျေးရွာတွင် ကော်မတီ ဖွဲ့စည်း၍ သက်ဆိုင်ရာ ဌာနနှင့် ချိတ်ဆက်ဆောင် ရွက်ခြင်း	• ကျေးရွာ မီးလင်းရေး စီမံချက်
ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည်. အရင်းအနှီးများ/အခြေအနေ ကောင်းများ	ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
ကဏ္ဍ – ပညာရေး					
• ဆရာ၊ ဆရာမများ လုံလောက်မှု မရှိခြင်း	• ကျောင်းသားဦးရေ တိုးပွားလာခြင်း	•	•	• ပညာရေးဌာနနှင့် ချိတ်ဆက်၍ လိုအပ်သောဆရာ၊ ဆရာမ အင်အားတင်ပြ တောင်းခံခြင်း	• ဆရာ/မ လုံလောက်စွာ ခန့်အပ်နိုင်ရေး တင်ပြချက်

ကဏ္ဍ – ကျန်းမာရေး					
• ကျန်းမာရေး ဆိုင်ရာ အခက်အခဲများ ရှိခြင်း၊ အရေးပေါ်လူနာ များ အသက်မမှီ	• ကျေးလက်ဆေး ပေးခန်းမရှိခြင်း၊ ကျေးလက်ကျန်း မာရေးဌာနနှင့် အလှမ်းဝေးကွာ ခြင်း	• ကျေးရွာမှ ဆေးပေး ခန်းမြေနေရာပေးနိုင် ခြင်း၊ ကျေးရွာမှ ငွေ အား အနည်းငယ် ပံ့ပိုးနိုင်ခြင်း	• ပြင်ပမှ ကူညီပေးမည့် အလှူရှင်မရှိခြင်း	• ကျန်းမာရေးဆိုင်ရာ အဆောက်အဦ ချပေးပါ ရန် တင်ပြတောင်းဆိုခြင်း	• ကျေးလက်ကျန်းမာ ရေးဌာနခွဲရရှိရေး စီမံချက်

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၄	၆	၁၀
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၄	၁၉	၄၃
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၉	၃၇	၇၆
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၃၂	၄၀	၇၂
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၅၁	၂၇၅	၅၂၆
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၂၉	၂၈	၅၇
စုစုပေါင်း		**၃၇၉**	**၄၀၅**	**၇၈၄**
စုစုပေါင်း အိမ်ထောင်စု		**၁၈၃**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျားမအချိုးမှာ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ပိုမိုများပြားသည်။ ကလေးမွေးဖွားနှုန်းမှာ အသင့်အတင့်သာရှိပါသည်။ ကျေးရွာ၏ လူဦးရေမှာ ၁နှစ်အောက်ကလေးငယ်မှာ အနည်းငယ်ရှိပြီး အလုပ်လုပ်နိုင်သော လူဦးရေမှာ ရွာ၏ထက်ဝက်ကျော်မျှရှိကြောင်း တွေ့ရှိရပါသည်။ အသက်(၆၀)နှင့်အထက် အရွယ်များရှိသည့်အတွက် သက်ကြီးရွယ်အိုစောင့်ရှောက်မှုအဖွဲ့အစည်းများ ဖွဲ့စည်းနိုင်ရန် လိုအပ်ပါသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
လယ်မြေ	၄၄၅.၅	သင့်	ရ	မြေအောက်ရေ
ယာမြေ	-	-	-	-
ဥယျာဉ်ခြံမြေ	-	-	-	-
အိမ်ခြံဝင်း စိုက်ခင်း	-	-	-	-
ကိုင်း/ကျွန်းမြေ	-	-	-	-
စားကျက်မြေ	-	-	-	-

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေချောင်း၊မြစ်၊စိမ့်စမ်း စသည်)
ပလပ်မြေ	-	-	-	-
သစ်တောမြေ	-	-	-	-
စုစုပေါင်း	၄၄၅.၅	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးလျက်ရှိသော ဧကစုစုပေါင်း (၄၄၅.၅)ဧကသာ ရှိပြီး မိုးစပါးကို အဓိကစိုက်ပျိုးကြပါသည်။ ရေကြီးရေလျှံသောနှစ်များတွင် လယ်မြေဧကများမှာ ရေလွှမ်းမိုးခံရမှုကြောင့် သီးနှံစိုက်ခင်းများ ပျက်စီးမှုကို လယ်သမားများ ခံစားရပါသည်။ ဥယျာဉ်ခြံမြေစိုက်ပျိုးမှုအနည်းငယ်သာရှိပါသည်။ မြေလွတ်မြေရိုင်းများကို နိုင်ငံတော်စီမံကိန်းနှင့်အညီ လယ်ယာမြေများဖော်ထုတ်၍ စိုက်ပျိုးနေကြပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် အများစုမှာ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနေပြီဖြစ်ပါသည်။

(၂.၂) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဧယား (၃) ခါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ခါတ်ငွေ့/ရေနံ)	မရှိ	-
ခါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်	မရှိ	-
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	နည်း	လွယ်
အပင်မျိုးစိတ်များ (လူ့တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)	နည်း	ခက်
ပျမ်းမျှအပူချိန် - (၃၂.C)	ပျမ်းမျှ မိုးရေချိန် - (၈၀) လက်မ	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ခါတ်သတ္တုထွက်ရှိမှုမရှိပါ။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

သဘာဝတိရိစ္ဆာန် မျိုးစိတ်များတွင် ငှက်၊ မြွေ၊ တောက်တဲ့၊ ကင်းလိပ်ချောအစရှိသော မျိုးစိတ်များကို အလွယ်တကူ တွေ့ရှိရပါသည်။ ဆေးဘက်ဝင်အပင် အနည်းအကျဉ်းကိုလည်း ကျေးရွာ ပတ်ဝန်းကျင်တွင် တွေ့ရှိရပါသည်။ ကျေးရွာတွင် နှစ်စဉ်မိုးရေချိန်လက်မ (၈၀)ခန့်၊ ပျမ်းမျှအပူချိန် (၃၂.C) ရှိပြီး ရာသီဥတုအခြေအနေ အသင့်အတင့်ရှိပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
၁	ပရဟိတ လူငယ်အဖွဲ့	၁□ ၂□Â ၃□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □Â လုံခြုံရေးနှင့် ကာကွယ်ရေး □	စွမ်းဆောင်ရည်ကောင်းပါသည်။
၂		၁□ ၂□ ၃□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	
၃		၁□ ၂□ ၃□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	
၄		၁□ ၂□ ၃□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	
၅		၁□ ၂□ ၃□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	
၆		၁□ ၂□ ၃□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
၇		၁□ ၂□ ၃□	ပညာရေး □ ကွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာအတွင်း သာရေး၊ နာရေးကိစ္စရပ်များတွင် တက်ကြွစွာ ဆောင်ရွက်ပြီး လုပ်ငန်းဖော်ဆောင်မှုအားကောင်းသော ပရဟိတလူငယ်အဖွဲ့တစ်ဖွဲ့ရှိပါသည်။ အဖွဲ့၏ စွမ်းဆောင်ရည် အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာအတွင်းရှိ ပြည်သူများသည် ရပ်ရေးရွာရေး ကိစ္စရပ်များတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	လယ်(၃၈)ဧကမှ (၂၀)ဧကထိ	လယ် (၁၉)ဧကမှ (၁၀)ဧကထိ	လယ် (၁၀)ဧကမှ (၁)ဧကထိ	မြေယာမဲ့
အိမ်အခြေအနေ	တိုက်ခံသွပ်မိုး	ပျဉ်ထောင်သွပ်မိုး	ဝါးအိမ်သွပ်မိုး	ဝါးကြမ်းခင်းဓနိမိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ဆန်စက်၊ ထွန်စက်	ထော်လာဂျီ၊ လက်တွန်း	ဆိုင်ကယ်	-
အဓိကစီးပွားရေး လုပ်ငန်း	လယ်၊ ကုန်စုံဆိုင်	လယ်၊ ဈေးရောင်း	လက်သမား၊ ပန်းရံ၊ ကယ်ရီ	လက်လုပ်လက်စား၊ ကျပန်း

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
အိမ်ထောင်စု	၁၀	၆၀	၈၅	၂၈

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ ကျေးရွာ၏ (၅.၄၆%)သည်ချမ်းသာအဆင့်၊ (၃၂.၇၉%)သည် အလယ်အလတ်အဆင့်၊ (၄၆.၄၅%)သည် ဆင်းရဲအဆင့်နှင့် (၁၅.၃၀%)အဆင့်သည် အလွန်ဆင်းရဲအဆင့်အဖြစ်ခံယူကြပါသည်။ စီးပွားရေးအဆင့်မှာ အသင့်အတင့်ရှိနေပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၀၆	၅၇.၉ %	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ ဟတ် တာထိ)	၈	၄.၃%	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ)	၄၀	၂၁.၉%	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	၂၄	၁၃.၂%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်)	၅	၂.၇%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	၁၈၃	၁၀၀%	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။ ကျေးရွာတွင် အိမ်ထောင်စုအများစုမှာ မြေယာမဲ့ ကျပန်းလုပ်သား၊ အိမ်ဆိုင်၊ ခေါင်းရွက်ဗျက်ထိုးစျေးသည်၊ ဝန်ထမ်းနှင့် လယ်လုပ်သားများဖြစ်ကြပြီး စီးပွားရေးအသင့်အတင့် ရှိကြပါသည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်	တစ်ဧကော အထွက်နှုန်း	အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

	ကော	ယူနစ်	အနည်းဆုံး	အများဆုံး	ပျှမ်းမျှ	
မိုးစပါး	၁၀၃၀	တင်း	၅၀	၈၀	၆၀	သင့်
ပဲ	၁၀၃၀	တင်း	၅	၂၀	၁၀	သင့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိုးစပါးစိုက်ပျိုးကောများကို စိုက်ပျိုးကြရာတွင် နိုင်ငံတော်၏သတ်မှတ်ချက် ပျှမ်းမျှအထွက်နှုန်းကိုရရှိရန်လိုအပ်ပါသည်။ နည်းပညာလိုအပ်မှုနှင့် နှစ်စဉ်ရေကြီး၊ ရေလျှံခြင်းဒဏ်ကြောင့် အထွက်နှုန်းလျော့နည်းရပါသည်။ စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် စပါးကိုသာအဓိကထားစိုက်ပျိုးပြီး မိုးရာသီစိုက်ပျိုးပြီးချိန်တွင် ပဲကို ဆက်လက်စိုက်ပျိုးကြပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၄	၉
နို့စားနွား	–	–
ကျွဲ	–	–
မြင်း	–	–
မြည်း	–	–
လား	–	–
ဆိတ်	–	–
သိုး	–	–
ဝက်	၉၅	၁၂၉
ကြက်	၁၂၂	၄၅၃
ဘဲ	၁၂	၄၀
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်	–	–
ပုဇွန်ကန်	–	–

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-
ရေချို ငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို အိမ်တိုင်းနီးပါးတွင် တစ်ပိုင်တစ်နိုင် မွေးမြူလုပ်ကိုင်ကြပါသည်။ နွား၊ ဝက်၊ ကြက်၊ ဘဲအစရှိသဖြင့် မွေးမြူကြပါသည်။ မွေးမြူရေးကို စီးပွားဖြစ် မွေးမြူခြင်းမရှိသေးပါ။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေးနှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း	-	-	-	-
၂	ထုတ်ကုန်လုပ်ငန်း	-	-	-	-
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး	-	-	-	-
၄	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း	-	-	-	-
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	-	-	-	-
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)	-	-	-	-
၇	လက်လီ-လက်ကား ရောင်းဝယ်ရေး	၇	၁၁	၁၁	လတ်
၈	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	-	-	-	-
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး	-	-	-	-
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု	-	-	-	-

	လုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ	-	-	-	-
၁၂	ပညာရေး	၈	၈	၈	လတ်
၁၃	ကျန်းမာရေး	၂	၂	၂	လတ်
၁၄	လူမှုရေး လုပ်ငန်းများ	-	-	-	-
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)	-	-	-	-
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ - ၂၁				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်းတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများပြားသောကြောင့် အခြားအသက်မွေးလုပ်ငန်းလုပ်ကိုင်သူမှာ အနည်းငယ်သာရှိပါသည်။ ကုန်စုံဆိုင်၊ ဈေးဆိုင်သူရောင်းချသူ အနည်းအကျဉ်းရှိပါသည်။ ဝန်ထမ်းအနည်းငယ်ရှိပါသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	**အနီးဆုံးဈေး** (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	**အကြီးစားဈေးကွက်** (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	ဒါးက	ပုသိမ်
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် □ ၁ မှ ၅ မိုင် □ Â ၅ မှ ၁၀ မိုင်□ ၁၀မှ ၁၅မိုင် □ ၁၅ မိုင် အထက် □	၀ မှ ၁၀ မိုင် □ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၃၀ မိုင် □Â ၃၀မှ ၅၀ မိုင် □ ၅၁ မှ ၁၀၀ □ ၁၀၀မိုင်အထက်□
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင်□Â စက်ဘီး□Â ဆိုင်ကယ် □Â ကား/ထော်လာကျီ □Â ရထား □ သုံးဘီးဆိုင်ကယ် □ လှေ □ စက်လှေ □	ခြေလျင်□ စက်ဘီး□ ဆိုင်ကယ် □ Â ကား/ထော်လာကျီ □ Â ရထား □Â သုံးဘီးဆိုင်ကယ်□Â လှေ □ စက်လှေ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အနီးဆုံးစျေးမှာ ဒါးကစျေးဖြစ်ပါသည်။ ကျေးရွာ၏ ထွက်ကုန်များကို ဆိုင်ကယ်၊ ထော်လာဂျီ၊ ကား များဖြင့် ပို့ဆောင်ရောင်းချကြပါသည်။ ထွက်ပေါက်လမ်းဖြစ်သော ပင်မလမ်းမှာ မြေသားလမ်းဖြစ်သောကြောင့် စျေးကွက်သို့ သွားရောက်ရောင်းချသူများမှာ အခက်အခဲရှိပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုးအစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁□ ၂□Â ၃□ ၄□ ၅□	ကောင်း□ သင့် □ Âညံ့ □	ပွင့်လင်း ရာသီ□Â တစ်နှစ်ပတ်လုံး□	၀-၁ မိုင် □Â ၁-၅ မိုင် □ ၅-၁၀ မိုင် □ ၁၀မိုင်အထက်□
ချဉ်းကပ်လမ်း	၁□ ၂□Â ၃□ ၄□ ၅□	ကောင်း□ သင့် □Â ညံ့ □	ပွင့်လင်း ရာသီ □ တစ်နှစ်ပတ်လုံး□	၀-၁ မိုင် □ ၁-၅ မိုင် □Â ၅-၁၀ မိုင် □ ၁၀မိုင်အထက်□
ရွာချင်းဆက်လမ်း	၁□ ၂□Â ၃□ ၄□ ၅□	ကောင်း□ သင့် □ Âညံ့ □	ပွင့်လင်း ရာသီ □Â တစ်နှစ်ပတ်လုံး□	၀-၁ မိုင် □ ၁-၅ မိုင် □Â ၅-၁၀ မိုင် □ ၁၀မိုင်အထက်□

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်းရှိလမ်းသည် မြေသားလမ်းဖြစ်နေ၍ ကားနှင့်မော်တော်ယာဉ်များ သွားလာမှုကြောင့် မိုးရာသီတွင် ပျက်ဆီးမှုများပြားပါသည်။ ကျေးရွာတွင်းလမ်းများအဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။ ချဉ်းကပ်လမ်းမှာလည်း ကိုယ်ထူကိုယ်ထနှင့်ဆောင်ရွက်ထားသော မြေသားလမ်းဖြစ်နေ သောကြောင့် အဆင့်မြှင့်တင်ရန်လိုအပ်ပြီး ကောင်းမွန်လာပါက ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာနိုင်မည် ဖြစ်ပါသည်။

(၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် □	ပွင့်လင်းရာသီ □ တစ်နှစ်ပတ်လုံး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
	၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☐Â	☐
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☐Â	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

.....

.....

.....

.....

.....

.....

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	၂၄	-	၁၁၆	၈၄	-	၂၂	-	-	၁

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ သယ်ယူပို့ဆောင်ရေးတွင် စက်ဘီးကို ကျောင်းတက်ရာတွင် အသုံးပြုမှုများပါသည်။ ဆိုင်ကယ်များရှိသည့်အတွက် သွားလာရေး၌ အဆင်မြေချောမွေ့ပါသည်။ ထော်လာကျီကို သယ်ယူပို့ဆောင်ရေး တွင် အသုံးပြုကြပါသည်။ နွားလှည်းရှိသော်လည်း အသုံးပြုမှုနည်းပါးပါသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	-
ဆိုလာစနစ်	၁၃၃
အသေးစားရေအားလျှပ်စစ်	-
ဒီဇယ်သုံးအင်ဂျင်	၁၉
လေစွမ်းအင်	-
ဇီဝလောင်စာ	-
အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ်	-
လျှပ်စစ်မီး အသုံးမပြုနိုင်သော	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဓါတ်အားလိုင်းမရရှိသေးပါ။ ဆိုလာအသုံးပြုကြပါသည်။ ဒီဇယ်အင်ဂျင် အနည်းငယ်အသုံးပြုကြပါသည်။

(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၂၃၃	၉၄	၈၇

ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ ပြည်သူအများစုသည် ဖုန်းသုံးစွဲကြပါသည်။ ဆက်သွယ်ရေးဖုန်းလိုင်းများ ကောင်းမွန်ပါသည်။ သတင်းအချက်အလက်များကိုလည်း Facebook၊ PSI ၊ စလောင်း၊ အင်တာနက်၊ တီဗွီသတင်းများမှ ကြည့်ရှုလေ့လာကြပါသည်။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၃၉	၄၄	၈၃
အလယ်တန်း	၂၇	၁၉	၄၆
အထက်တန်း	၆	၁၈	၂၄
တက္ကသိုလ်/ကောလိပ်	၂၀	၁၄	၃၄

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူးနေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်။ ။ ပညာရေးအဆင့်အတန်းမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ တက္ကသိုလ တက်နေသောကျောင်းသား/ သူများလည်း ရှိပါသည်။

(၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)	(၂)	(၃)
က။ ကျောင်းအဆင့်	မူလတန်း □ မူလွန် □ အလယ်တန်း(ခွဲ) □ အလယ်တန်း □Â အထက်တန်း(ခွဲ) □ အထက်တန်း □	မူလတန်း □ မူလွန် □ အလယ်တန်း(ခွဲ) □ အလယ်တန်း □ အထက်တန်း(ခွဲ) □ အထက်တန်း □	မူလတန်း □ မူလွန် □ အလယ်တန်း(ခွဲ) □ အလယ်တန်း □ အထက်တန်း(ခွဲ) □ အထက်တန်း □
ခ။ ရွာမှ အကွာအဝေး (မိုင်)	၀ မှ ၁ မိုင် □Â ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □	၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □	၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □
ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် □Â စက်ဘီး □Â ဆိုင်ကယ် □ ကား □	ခြေလျင် □ စက်ဘီး □ ဆိုင်ကယ် □ ကား □	ခြေလျင် □ စက်ဘီး □ ဆိုင်ကယ် □ ကား □
ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)*	၁၂၀' x ၃၀= ၃၆၀၀' ၉၀' x ၃၀'= ၂၇၀၀' ၃၀' x ၃၀'= ၉၀၀'		
င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး	ကောင်း□ သင့်□Â ညံ့□	ကောင်း□ သင့်□ ညံ့□	ကောင်း□ သင့်□ ညံ့□
စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု	လုံလောက်မှုရှိသည်□ မလုံလောက်ပါ □Â	လုံလောက်မှုရှိသည်□ မလုံလောက်ပါ □	လုံလောက်မှုရှိသည်□ မလုံလောက်ပါ □
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း □ သင့် □Â ညံ့ □ မရှိ □	ကောင်း □ သင့် □ ညံ့ □ မရှိ □	ကောင်း □ သင့် □ ညံ့ □ မရှိ □
ဈ။ ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည်□Â တိုက်ကျွေးမှု မရှိပါ □	တိုက်ကျွေးမှုရှိသည်□ တိုက်ကျွေးမှု မရှိပါ □	တိုက်ကျွေးမှုရှိသည်□ တိုက်ကျွေးမှု မရှိပါ □

ဇ။ ကျောင်းဆရာ/မ ဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အစိုးရခန့်	၂	၈	၁၀						
ကျေးရွာခန့်	-	၃	၃						

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အလယ်တန်းကျောင်းရှိပြီး ခြေလျင်၊ စက်ဘီးများဖြင့် သွားလာကြပါသည်။ စာသင်ဆောင်သုံးဆောင်ရှိပါသည်။ ကျောင်းသုံးပရိဘောဂများမှာ ကျောင်းသားအရေ အတွက်နှင့် နှိုင်းယှဉ်လျှင် လိုအပ်ချက်များရှိနေပါသည်။ အဝေးမှလာရောက်သင်ကြားပေးနေသော ဆရာ/ မ များအတွက် ဝန်ထမ်းဆောင်မှာ လိုအပ်နေပါသည်။

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသော ရောဂါများ

ဧယား (၁၈) အဖြစ်များသော ရောဂါများ

စဉ်	ရောဂါ	ပုံနှုန်မှု/ဖြစ်ပွားမှု		
၁	ဝမ်းပျက်ဝမ်းလျှောက	မြင့်□	နိမ့်□Â	မရှိ□
၂	သွေးလွန်တုပ်ကွေး	မြင့်□	နိမ့်□ Â	မရှိ□
၃	ငှက်ဖျား	မြင့်□	နိမ့်□	မရှိ□Â
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	မြင့်□	နိမ့်□	မရှိ□Â
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	မြင့်□	နိမ့်□	မရှိ□Â
၆	တီဘီ	မြင့်□	နိမ့်□Â	မရှိ□
၇	ဆီးချို	မြင့်□	နိမ့်□Â	မရှိ□
၈	သွေးတိုး	မြင့်□	နိမ့်□ Â	မရှိ□
၉	အသည်းရောဂါ (ဘီ၊ စီ)	မြင့်□	နိမ့်□Â	မရှိ□
၁၀	အာဟာရ ချို့တဲ့မှု	မြင့်□	နိမ့်□	မရှိ□Â
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	မြင့်□	နိမ့်□	မရှိ□Â

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။……

……..

……..

……..

……..

……..

……..

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

……

……

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	**ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်)	**ရှိ**	**မရှိ**
၁	အဆုတ်ရောဂါ		Â
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	Â	
၃	ပိုလီယိုရောဂါ	Â	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	Â	
၅	ဝက်သက်ရောဂါ	Â	
၆	အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု	Â	
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	Â	
၈	အာဟာရ ပညာပေး အစီအစဉ်		Â

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်းတွင် လစဉ်အုပ်စုတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနမှာ ကျန်းမာရေးဝန်ထမ်းများမှာ ကာကွယ်ဆေးများ ထိုးနှံပေးနေပါသည်။ အခြားစုပေါင်းကာကွယ်ဆေးထိုးနှံမှုများ လည်းရှိပါသည်။

(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐Â ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐Â မရှိ ☐
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐Â ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐Â မရှိ ☐
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐	ရှိ ☐Â မရှိ ☐

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
	၁၀ မိုင်အထက် □Â	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

.....

.....

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄. ၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု (မိုး၊ဆောင်း၊ နွေ)
ရေတွင်း	၉	ကောင်း□ သင့်□Â ညံ့□	မိုး၊ ဆောင်း၊ နွေ
အဝိစိတွင်း/ စက်တပ်	၁၈	ကောင်း□ သင့်□Â ညံ့□	မိုး၊ ဆောင်း၊ နွေ
အဝိစိတွင်း/ တုံကင်	၈၂	ကောင်း□ သင့်□Â ညံ့□	မိုး၊ ဆောင်း၊ နွေ
မိုးရေ သိုလှောင်ကန်	-	ကောင်း□ သင့်□ ညံ့□	
မြစ်/ချောင်းရေ	-	ကောင်း□ သင့်□ ညံ့□	
ရေကန်	-	ကောင်း□ သင့်□ ညံ့□	
စိမ့်စမ်းရေ	-	ကောင်း□ သင့်□ ညံ့□	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြဓမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေတွင်း၊ တုံကင်၊ စက်တပ်အဝိစိတွင်းများဖြင့် သောက်သုံးရေရရှိမှုကို ဖန်တီးကြပါသည်။ သုံးရာသီလုံး သောက်သုံးရေဖူလုံမှုရှိပါသည်။ ရေကောင်းရေသန့်ရရှိမှုကြောင့် ကျန်းမာရေးနှင့် ညီညွတ်ပါသည်။ ရေကြီးရေလျှံမှု ဖြစ်ပွားသော်လည်း အဝိစိတွင်းသုံးစွဲသူများပြားသဖြင့် သောက်သုံးရေအတွက် မစိုးရိမ်ရပါ။

(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	၁
ရေလောင်း/ယင်လုံအိမ်သာ	၁၈၃
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဇလားအိမ်သာ	-
တွင်းမရှိ အိမ်သာ	-
အိမ်သာမရှိ	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ယင်လုံအိမ်သာကို အိမ်ထောင်စုအားလုံးနီးပါး အသုံးပြုကြပါသည်။ ယင်လုံအိမ်သာသုံးစွဲမှုကြောင့် ကျေးရွာထဲတွင် ယင်ကြောင့်ဖြစ်ပွားသော ကူးစက်ရောဂါများ ဖြစ်ပွားမှု နည်းပါးပါသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	ရှိ
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	ရှိ
၃	ရေကြီးခြင်း	ရှိ
၄	မိုးခေါင်ခြင်း	မရှိ
၅	အအေးလွန်ကဲခြင်း	မရှိ
၆	မုန်တိုင်း	မရှိ
၇	ငလျင်	မရှိ
၈	မီးဘေး	မရှိ
၉	ဆားငန်ရေဝင်မြေ	မရှိ
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မရှိ
၁၁	သစ်တောပြုန်းတီးခြင်း	မရှိ
၁၂	၄က်ဖျားရောဂါ	မရှိ
၁၃	တီဘီရောဂါ	မရှိ
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မရှိ
၁၅	ပြည်တွင်း ပဋိပက္ခ	မရှိ
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မရှိ
၁၇	လူကုန်ကူးခြင်း	မရှိ
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မရှိ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။.....

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

……

……

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီဩဇာအခြေအနေ	လတ်	မြေဆီလွှာအချဉ်ပေါက်ခြင်း
အပင်မျိုးစိတ်များ	လတ်	ပိုးကျခြင်း
ရေအရင်းအမြစ်	နိမ့်	ရေနုတ်မြောင်းကော်နေခြင်း
ငါးမျိုးကွဲများ	နိမ့်	ငါးရစ်ငါးသန်ဖမ်းဆီးခြင်း
အခြားတိရစ္ဆာန်မျိုးကွဲများ	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လယ်ယာစိုက်ပျိုးရာတွင် တောင်သူလယ်သမားများမှာ မြေဩဇာများ နည်းစနစ်တကျအသုံးပြုမှု အားနည်းခြင်း၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ အသုံးများသဖြင့် မြေဆီလွှာအချဉ်ပေါက်ခြင်း၊ ပျက်ယွင်းခြင်းများဖြစ်လေ့ရှိပါသည်။ စပါးစိုက်ပျိုးချိန်တွင် ပိုးမွှားကျရောက်မှုများ ရှိနေပါသည်။ စိုက်ပျိုးနည်းပညာဟောပြောရေး၊ လက်တွေ့သင်တန်းများဖွင့်လှစ်ပြီးစနစ်ကျသော စိုက်ပျိုးနည်းများဖြင့် စိုက်ပျိုးပါက သီးနှံအထွက်တိုးလာမည်ဖြစ်ပါသည်။

(၁၀) ကျား - မ ရေးရာ

ဇယား (၂၅) ကျား - မ ရေးရာ

စဉ်	ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ	ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	ရှိ □Â	မရှိ □
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	ရှိ □Â	မရှိ □

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီးများပါဝင်သော်လည်း ရိုးရာအစဉ်အလာ ကိုလိုက်၍ နည်းပါး ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း

ပါဝင်ဆောင်ရွက် လေ့ရှိကြပါသည်။ အမျိုးသမီးများအနေဖြင့် ရပ်ရွာအတွင်း သာရေး၊ နာရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များတွင် ပါဝင်မှုမြင့်မား ပါသည်။

လှအောင်ချောင်ကျေးရွာ၊ ရုံးပင်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးသိန်းညွှန့်	ဦးအောင်ရွှေ	၁၄/ကကန(နိုင်)၀၂၆၀၇၄	၇၄	ဥက္ကဋ္ဌ	၀၉-၇၆၆၃၉၈၆၄၇
၂	ဦးမြင့်အေး	ဦးသာရွှေ	၁၄/ကကန(နိုင်)၀၃၅၁၃၅၅	၄၅	အတွင်းရေးမှူး	၀၉-၇၉၄၃၉၄၁၈၇
၃	ဒေါ်ရင်သိန်း	ဦးမောင်ကျော်	၁၄/ကကန(နိုင်)၀၂၆၀၉၁	၅၆	စာရင်းကိုင်	၀၉-၇၆၀၉၇၁၈၂၄
၄	ဦးကြည်လှိုင်	ဦးအောင်ကြည်	၁၄/ကကန(နိုင်)၀၂၅၉၈၈	၄၃	ဘဏ္ဍာရေးမှူး	၀၉-၇၈၇၃၁၁၅၂၀
၅	ဦးမျိုးအောင်	ဦးမြင့်အောင်	၁၄/ကကန(နိုင်)၀၈၂၃၁၀	၄၀	သော့ကိုင်(၁)	၀၉-၇၉၂၁၈၁၃၉၉
၆	ဦးသန်းစိုး	ဦးထွန်းငွေ	၁၄/ကကန(နိုင်)၀၂၆၀၃၄	၅၁	သော့ကိုင်(၂)	၀၉-၇၇၈၃၇၆၉၆၃
၇	ဦးကျော်လွင်	ဦးကံရှိန်	၁၄/ကကန(နိုင်)၁၁၂၄၁၃	၄၀	အဖွဲ့ဝင်	၀၉-၇၆၉၂၄၃၄၉၆
၈	ဦးဟန်မင်းထွန်း	ဦးထွန်းခင်	၁၄/ကကန(နိုင်)၁၁၅၃၄၁	၂၇	အဖွဲ့ဝင်	၀၉-၇၉၃၃၆၀၅၅၃
၉	ဦးစံတိုး	ဦးစိန်ဝင်း	၁၄/ကကန(နိုင်)၁၅၉၆၂၉	၂၁	အဖွဲ့ဝင်	၀၉-၇၈၆၇၃၅၆၇၄
၁၀	ဦးတင်လှိုင်	ဦးအောင်တင်	၁၄/ကကန(နိုင်)၀၉၆၃၆၆၉	၅၆	အဖွဲ့ဝင်	-
၁၁	ဦးစန်းလွင်	ဦးတင်ရွှေ	၁၄/ကကန(နိုင်)၀၈၆၇၈၃	၄၁	အဖွဲ့ဝင်	-

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
လှအောင်ချောင်ကျေးရွာ

၁၂	ဒေါ်မျိုးမျိုးအေး	ဦးချစ်ထွေး	၁၄/ကကန(နိုင်)၁၂၂၀၄၀	၂၅	အဖွဲ့ဝင်	-
၁၃	ဒေါ်အေးဖြူဇင်ခိုင်	ဦးအေးသိန်း	၁၄/ကကန(နိုင်)၁၄၆၈၆၄	၂၀	အဖွဲ့ဝင်	-